လက်ပံကုန်းကျေးရွာ

တွံတေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်ပံကုန်းကျေးရွာ၊ တွံတေးမြို့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	လက်ပံကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်	၅
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၈
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	ပညာရေး	၁၁
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၁၁
၈။	ဘေးနှုရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၂
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၂
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၃
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၅
	စီမံချက် အဆိုပြုလွှာ (၂)	၁၇
	စီမံချက် အဆိုပြုလွှာ (၃)	၁၉
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၁
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏လူထုအများစုပေါင်းပါဝင် ရေးဆွဲထား သည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ် ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ် ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

စက်တင်ဘာ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်ပံကုန်းကျေးရွာ

တွံတေးမြို့နယ်

လက်ပံကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်



အပိုင်း (က)

ကျေးရွာဈေးလက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လက်ပံကုန်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် ၏ ပျော်ဘွယ်လေးကျေးရွာ အုပ်စုတွင်ပါဝင်ပြီး တွံတေး-ဒလ ကားလမ်းဘေး နှင့် တွံတေး တူးမြောင်း ဘေးတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တွံတေး-ဒလ ကားလမ်၊ အနောက်ဘက် တွင် လယ်ကွင်းများ၊ မြောက်ဘက်တွင် တွံတေးတူးမြောင်းနှင့် တောင်ဘက် တွင် လယ်ကွင်းများစသည် တို့ဖြင့် ဆက်စပ်လျှက် တည်ရှိနေပါသည်။ ကျေးရွာ တွင် ဗမာတိုင်းရင်းသားများ နေထိုင် ကြပါသည်။ ကျေးရွာသည် တွံတေး-ဒလ ကားလမ်းဘေး နှင့် တွံတေးတူးမြောင်းဘေးတွင် တည်ရှိပြီးအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာကျပန်း လုပ်ငန်းဖြစ်ပြီး၊ပို့ဆောင်ရေး၊ဝန်ထမ်း၊ အရောင်းအဝယ်၊ငါးဖမ်း၊စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာသည် ရန်ကုန်မြို့နှင့် နီးကပ်သောကြောင့် သွားလာရလွယ်ကူပြီး၊ နေ့ချင်းပြန်အလုပ်သွားလုပ်ကြသူများပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်ယာမြေ၊ ခြံမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာ အသင့် အတင့် ကောင်းမွန်ပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးရေ ရနိုင်သည့် အဓိက ပင်ရင်း ဖြစ်သည့် တွံတေးတူးမြောင်းရှိသည့်အတွက် တောင်သူများမှာ တူးမြောင်းရေဖြင့် စိုက်ပျိုးနိုင်ပြီး၊ နွေစပါးအား ရေအခက်အခဲကြောင့် စိုက်ပျိုး၍ မရနိုင်ပါ။ စိုက်ပျိုးနိုင်သည့် ဧက (၃၀၁)ရှိပြီး အိမ်ထောင်စု အနည်းငယ်သာ စပါးကိုသာအဓိက စိုက်ပျိုးကြပြီး၊ ကွမ်း အနည်းငယ်စိုက်ပျိုးပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၅ဦး)၊ ရပ်မိရပ်ဖအဖွဲ့ (ကျား - ၅ ဦး) ၊ အမျိုးသား၊အမျိုးသမီးအဖွဲ့ (ကျား-၃၀/မ-၂၀=၂၀ဦး)၊ ဂေါပကအဖွဲ့ (ကျား-၉/မ-၄=၁၃ဦး)၊ နာရေးအဖွဲ့ (ကျား-၇/မ-၄=၁၁ဦး)၊ ပရဟိတအဖွဲ့ (ကျား-၂၀/မ -၇=၂၇ဦး)၊ တို့မှကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေး၊ လူမှုဖွံ့ဖြိုး ရေး လုပ်ငန်း များတွင် စည်းရုံး လုပ်ဆောင်နေကြ ပါသည်။ ကျေးရွာတွင် ကျန်းမာရေးအဖွဲ့ သီးသန့် မရှိသော်လည်း ကျေးရွာရှိ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမ များနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက် လာစေရေးအတွက် လုပ်ဆောင် လျှက် ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညွတ်ဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း လက်ပံကုန်း ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ နေဖြင့် ကျေးလက် ဦးစီးဌာန၊ စိုက်ဘဏ်နှင့် save the children၊ ပက်စ်မြန်မာ အဖွဲ့ (၄)ဖွဲ့သာ ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လက်ပံကုန်းကျေးရွာတွင် ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁)အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧက ကြား တောင်သူလတ် (၁၅) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၆) အိမ် ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကို အားထားစိုက်ပျိုးကြပြီး၊ ကွမ်း အနည်းငယ်စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ အားလုံးနီးပါးရှိပြီး အများစုသည် နေ့စားကျပန်းလုပ်ငန်းများ၊ ဝန်ထမ်း၊ အရောင်းအဝယ်၊ ပို့ဆောင်ရေးနှင့် ငါးဖမ်းလုပ်ငန်းများတွင် သွားရောက် လုပ်ကိုင်နေကြ ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ချောင်းရေနှင့်မိုးရေကိုသာ အဓိကအားထား စိုက်ပျိုး လုပ်ကိုင်ကြပြီး နွေရာသီတွင် ဆည်မြောင်းများတိမ်ကောနေ သည့်အတွက် စိုက်ပျိုးရန် ရေ မလုံလောက်ပါ။ စပါးအထွက် နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၅)တင်း ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမား များတွင် တစ်ဦးချင်းပိုင် လယ်ထွန်စက်(၂)စီး၊ လက်တွန်းထွန်စက် (၁၈) စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၁)စီး၊ ရေစုပ်စက်(၆)ခု ရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေ့စက် မရှိပါ။ စက်များကို ငှားရမ်းလုပ်ကိုင် နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစု များ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအား စုများ၊ သီးနှံ မျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများ မှတဆင့်ရောင်းချနိုင်ကြပါ သည်။ ကုန်စျေးနှုန်းနှင့် စက်ငှားရမ်းခများသောကြောင့် အဆင်ပြေသောအိမ်ထောင်စု နည်းပါးပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုများ အနည်းငယ် ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်ထောင်စု (၂၀) အိမ်မှ နွားနှင့်နို့စားနွား (၁၁၆) ကောင် အားတစ်ပိုင် တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှု များ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီး ဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည် ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် ကျပန်းနေ့စား၊ ပို့ဆောင်ရေး၊ ဝန်ထမ်း၊ ငါးဖမ်း၊ စျေးအရောင်းအဝယ် လုပ်ငန်းစသည့်ဖြင့် အခြား ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။

ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြ သော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းစသည်တို့ကြောင့် ရန်ကုန်မြို့တွင် လုပ်ကိုင်သူဦးရေအသင့်အတင့်များပြားသဖြင့် လုပ်သား အင်အား အသင့်အတင့်သာ ရှိပါသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်း ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေး မဟုတ် သော အသက်မွေးမှု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် စိုက်ဘဏ် မှ ချေးငွေများ ရရှိသော်လည်း အရင်းအနှီး နည်းသဖြင့် စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့် အလမ်းများ နည်းနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်း သက် သာသော ကာလရှည် ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လှေ(၆၉)စီး၊ စက်လှေ(၂)စီး၊ စက်ဘီး (၃) စီး၊ မော်တော် ဆိုင်ကယ် (၁၄၀) စီး၊ သုံးဘီး ဆိုင်ကယ်(၂)စီး၊ ထော်လာကျီ (၄) စီး၊ကား (၁၁)စီး၊ နွားလှည်း(၁၉)စီး စသည်ဖြင့် ကုန်းလမ်း သယ်ယူ ပို့ဆောင်ရေး ကဏ္ဍ အတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်းများ၊ ကွန်ကရစ်လမ်းများရှိ ပါသည်။ ကျေးရွာ အဝင်လမ်းမှာကွန်ကရစ်လမ်းဖြစ်ပြီးပျက်စီးနေကာ၊ ကျေးရွာချင်းဆက်လမ်းမှာတွံတေး-ဒလ ကားလမ်းဖြစ်ပါသည်။ မိုးတွင်း ကာလ များတွင် မြေသားလမ်းနှင့်ကွန်ကရစ်လမ်း များ ပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များ ဖြစ်ကာ သွားလာရ အဆင် မပြေမှုများ ရှိ နေပါသည်။

လက်ပံကုန်းကျေးရွာတွင် ကွန်ကရစ်တံတား(၁)စင်းရှိပါသည်။ ရွာအဝင်တံတားမှာ လည်းအန္တရာယ် အလွန်းများပါသည်။ ကျေးရွာချင်းဆက် လမ်းမကြီး(တွံတေး-ဒလ ကားလမ်း)ပေါ်ရှိ တံတားများ မှာ ကားကြီး များ၊ တန်ပို ယာဉ်များ ဖြတ်သန်းနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။။။ ဆိုလာစနစ်၊ အခြားနည်းစနစ်များ ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေး သော အိမ်ထောင်စု (၂၄၂) စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လက်ပံကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်များ ကို ဖုန်း (၃၁၉) လုံး၊ ရေဒီယို (၈၆) လုံး၊ တီဗွီ (၁၅၆) လုံး နှင့် စလောင်း(၁၂)လုံးတို့မှ ရရှိ သဖြင့် ကျေးရွာ တွင်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲ များ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာပိုင်အခြေခံပညာအလယ်တန်းကျောင်းတွင်ကလေးများပညာသင်ကြားနိုင်ပြီး အထက်တန်း အဆင့်များကို ရွာနီးစပ်ဖြစ်သော တမံကြီးကျေးရွာနှင့် ကံဘဲကျေးရွာတို့တွင် ဆက်လက် ပညာသင်ယူနိုင်ကြပါသည်။ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်(၄)ခု ပါရှိပြီး ကျောင်းသား / ကျောင်းသူများစွာပညာသင်ကြားနေကြသည့်အပြင် လာမည့်နှစ်များ တွင် အတန်းများ တိုးမြှင့် လာမည်ဖြစ်သောကြောင့် KG ကျောင်းဆောင်သစ် တစ်ဆောင် လိုအပ်နေ ပါသည်။ ထို့ပြင် ကျောင်းသုံး သင်ထောက်ကူပစ္စည်းများလည်း လုံလောက်မှု မရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာမ (၁၂) ဦး ရှိသည့်အတွက် သင်ကြားရေးအပိုင်းတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင်မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၀.၂၂%) အထိများပြားခြင်း ၊ အလယ်တန်း အဆင့် စာတတ်မြောက် သူများမှာ (၃၂.၉၇%) ၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၂.၆၉%) နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၄.၁၂%) ရှိခြင်းတို့ကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ် ကောင်း များ ဖြစ်ကြ ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသည့်အတွက် လိုအပ်သည့် ကာကွယ်ဆေး များအား နှစ်စဉ် နှစ်တိုင်း ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေး သူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံ့ ပေးခဲ့ ပါသည်။ ကျေးလက်ကျန်းမာရေး ဌာနနှင့်(၁.၅)မိုင်ခန့်သာကွာဝေးသည့်အတွက် အရေးပေါ် အခြေ အနေတွင် အလွယ်တကူ သွားလာ နိုင်သလို၊ ရန်ကုန်မြို့နယ်၊ ဒဂုံမြို့နယ်နှင့်တွံတေးမြို့နယ်ဆေးရုံကြီး များသို့လည်း အလွယ် တကူ ပို့ဆောင် ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက် အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို မိုးရေနှင့်ကန်ရေများဖြင့်သာ အဓိကထား အသုံးပြုကြ ပါသည်။ ကျေးရွာတွင် နွေ၊ မိုးနှင့် ဆောင်းရာသီတွင် ရေ လုံလောက်မှုရှိပါသည်။ ကျေးရွာ တွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အိမ်ထောင်စု အများစုမှ အသုံးပြုကြပြီး? တွံတေးတူးမြောင်း ဘေးနေထိုင်သူများသည် တွင်းမရှိကြဘဲ အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လက်ပံကုန်းကျေးရွာတွင် ကျပန်းနေ့စား၊ ပို့ဆောင်ရေး၊ ဝန်ထမ်း၊ ငါးဖမ်း၊ စျေးအရောင်း အဝယ် လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု အများစုရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများ ထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

လက်ပံကုန်းကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝ တိရစ္ဆာန် မျိုးစိတ်များမရှိပါ။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန် တုပ်ကွေးရောဂါ များ ဖြစ် ပွားမှု အနည်းငယ် ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ် သော ရောဂါ များ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

လက်ပံကုန်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားကောင်းပြီး ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ အတွက် ဥပဒေလမ်းကြောင်းနှင့်တရားမျှတမှု ဆိုင်ရာများတွင် ကျေးရွာမှ အသိပညာများ သိရှိမှု နည်းပါးကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်–ပျော်ဘွယ်လေး			ကျေးရွာအမည်–လက်ပံကုန်း	မှတ်ချက်
စဉ်	ကဏ္ဍ	ဆိုလိုချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းရန်။	
၂	စိုက်ပျိုးရေး	စိုက်ပျိုးရေ	ချောင်းကောအားပြန်လည်တူးဖော်ရန်။	
၃	အခြေခံအဆောက်အဦ	အဆောက်အဦ	ဘက်စုံသုံးခန်းမဆောက်လုပ်ရန်။	
၄	ပညာရေး	ကျောင်းအဆောက်အဦ	KG ကျောင်းဆောင်ဆောက်လုပ်ရန်နှင့်ကွန်ပြူတာဝယ်ယူရန်။	
၅	ကျန်းမာရေး	ဆေးပေးခန်း	ကျေးလက်ဆေးပေးခန်းပြုပြင်ရန်။	
၆	လူငယ်	အခွင့်အလမ်း	အသက်မွေးဝမ်းကျောင်းသင်တန်း(ဆိုင်ကယ်ပြင်)	
၇	ပညာရေး	သင်ထောက်ကူ	ကျောင်းဆရာ၊ဆရာမ မလုံလောက်ခြင်း။	
၈	ပညာရေး	ကျောင်းအဆောက်အဦ	ကျောင်းဆောင်အသစ်ဆောက်လုပ်ရန်။	
၉	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	ကျေးရွာအုပ်မှူးရုံးဆောက်လုပ်ရန်။	
၁၀	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	စာကြည့်တိုက်တွင်လိုအပ်သောပစ္စည်းတပ်ဆင်ရန်။	

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ	- လက်ပံကုန်းကျေးရွာ
ကျေးရွာအုပ်စု	- ပျော်ဘွယ်လေးကျေးရွာအုပ်စု
မြို့နယ်	- တံတားမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရန်ကုန်တိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းရန်။)

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- လက်ပကုန်းကျေးရွာ၊ ရွာတွင်းလမ်းများသည် ယခုလက်ရှိတွင် မြေသားလမ်းဖြစ်ပြီး ပျက်စီးနေပါသည်။
- မြေသားလမ်းပျက်စီးနေသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။
- ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျော့ချနိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- လက်ပံကုန်းကျေးရွာ၊ ရွာတွင်လမ်းများသည် (အရှည်-၈၀၀ပေ၊ အကျယ်-၈ပေ၊ ထု-၆လက်မ) ရှိပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• _____ (ငွေသား)	• ကျေးရွာ
• _____ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း

ကျေးရွာအဆင့်	၄၉၉	၄၆၉	၉၆၈	၁	၄၀	၂၇၀		၃၁၁
အကျိုးခံစားမည့်သူ ဦးရေ	၄၉၉	၄၆၉	၉၆၈	၁	၄၀	၂၇၀		၃၁၁
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ ခုနှစ်၊ မတ်လ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ	- လက်ပံကုန်းကျေးရွာ
ကျေးရွာအုပ်စု	- ပျော်ဘွယ်လေးကျေးရွာအုပ်စု
မြို့နယ်	- တံတားမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရန်ကုန်တိုင်းဒေသကြီး

စီမံချက်အမည် - စိုက်ပျိုးရေးအတွက် ဆည်မြောင်းများ တူးဖော်ပေးရန်။

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ဆည်မြောင်းများတိမ်ကောလာခြင်း၊ စိုက်ပျိုးရေမလုံလောက်သောကြောင့် နွေစပါးစိုက်ပျိုးဧကနည်းပါးလာခြင်း။
- စပါးအထွက်နှုန်းနည်းခြင်း။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ နည်းပါးခြင်း။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- နွေစပါးပိုမို စိုက်ပျိုးလာနိုင်စေရန်။
- စပါးအထွက်နှုန်းတိုးပွားလာစေရန်၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများလာစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေတိုးပွားလာပါမည်။
- နိုင်ငံတော်အတွက် ထုတ်ကုန် ပိုမို ထုတ်လုပ်ပေးနိုင်ပါမည်။
- အလုပ်အကိုင်အခွင့်အလမ်းများပြားလာပြီး အလုပ်လက်မဲ့ဦးရေ လျော့ချလာနိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ဆည်မြောင်းများတူးဖော်ပေးရန်။ (ပေ-၁၀၀၀)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• _____ (ငွေသား)	• ကျေးရွာ
• _____ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၉၉	၄၆၉	၉၆၈	၁	၄၀	၂၇၀		၃၁၁

အကျိုးခံစားမည့်သူ ဦးရေ	၄၉၉	၄၆၉	၉၆၈	၁	၄၀	၂၇၀		၃၁၁
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၉ ခုနှစ်၊ မတ်လ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပြီး ရေးဆွဲပါမည်။ • ဆည်မြောင်းများတူးဖော်ရာတွင် လိုအပ်သည်များ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။ • ကျေးရွာဖက်မှ ငွေကြေးအသင့်အတင့် ထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • ဆည်မြောင်းများရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပါမည်။ • စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ	- လက်ပံကုန်းကျေးရွာ
ကျေးရွာအုပ်စု	- ပျော်ဘွယ်လေးကျေးရွာအုပ်စု
မြို့နယ်	- တံတားမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရန်ကုန်တိုင်းဒေသကြီး

စီမံချက်အမည် - ကျောင်းဆောင်လိုအပ်မှုနှင့်သင်ထောက်ကူ ကွန်ပြူတာလိုအပ်ခြင်း။

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- လက်ပံကုန်းကျေးရွာ၊ စာသင်ကျောင်းတွင် ကျောင်းဆောင် ၄ ဆောင်ရှိပါသည်။
- ၁ ဆောင်မှာ ဟောင်းနွမ်းနေကာ ကျောင်းသားတိုးလာနိုင်သည့်အတွက် KG ဆောင်လိုအပ်ခြင်း။
- ကျောင်းလုပ်ငန်းများအတွက် ကွန်ပြူတာလိုအပ်ခြင်း။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်နှင့်စာရင်းဇယားပိုင်နိုင်လာစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျောင်းဆောင်လုံလောက်သည့်အတွက် ကျောင်းသားများ သက်တောင့်သက်သာ ပညာသင်ကြားလာနိုင်ခြင်း။
- ကျောင်းသား၊ကျောင်းသူများ၊ ပညာ အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- လက်ပံကုန်းကျေးရွာ၊ KGဆောင်ဆောက်လုပ်ခြင်းနှင့်ကွန်ပြူတာလိုအပ်ခြင်း။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• _____ (ငွေသား)	• ကျေးရွာ
• _____ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၉၉	၄၆၉	၉၆၈	၁	၄၀	၂၇၀		၃၁၁

အကျိုးခံစားမည့်သူ ဦးရေ	၄၉၉	၄၆၉	၉၆၈	၁	၄၀	၂၇၀		၃၁၁
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့ • မြို့နယ်ပညာရေးမှူးရုံး • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ ခုနှစ်၊ မတ်လ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • KGဆောင်လုပ်ရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။ • ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • အဆောက်အဦနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။ • စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

ပျော်ဘွယ်လေးကျေးရွာအုပ်စု ၊ လက်ပံကုန်းကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ကျော်	ဦးရွှေလှိုင်	၁၂/တတန(နိုင်)၁၃၇၅၅၉	၄၇	ဥက္ကဋ္ဌ	၀၉-၄၅၀၃၉၂၁၅
၂	ဦးလှဌေး	ဦးထွန်းမြင့်	၁၂/တတန(နိုင်)၀၀၁၈၆၅	၄၀	အတွင်းရေးမှူး	၀၉-၉၅၆၉၈၅၉၆၃
၃	ဦးစိန်ထွန်း	ဦးတင်မောင်	၁၂/တတန(နိုင်)၀၀၅၁၄၉	၅၇	ဘဏ္ဍာရေးမှူး	၀၉-၂၅၁၀၇၇၈၁၆
၄	ဒေါ်မျိုးမျိုးသက်	ဦးတင်မြင့်	၁၂/တတန(နိုင်)၀၀၅၂၃၄	၄၀	စာရင်းကိုင်	၀၉-၂၅၅၃၀၄၄၇၈
၅	ဒေါ်လှကြည်	ဦးဖိုးကြည်	၁၂/တတန(နိုင်)၀၉၀၅၁၃	၅၂	စာရင်းစစ်(၁)	-
၆	ဦးစိန်လှမြိုင်	ဦးရွှေကျော်	၁၂/တတန(နိုင်)၀၅၂၂၃၀	၅၈	စာရင်းစစ်(၂)	၀၉၇၇၀၀၂၁၆၅၅
၇	ဒေါ်လတ်လတ်ထွေး	ဦးစိန်ထွန်း	-	၂၈	အဖွဲ့ဝင်(၁)	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၁	၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၅	၁၇	၄၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၀	၃၅	၇၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၂	၃၈	၉၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၇၁	၃၆၆	၇၃၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၁၂	၂၀
စုစုပေါင်း		**၄၉၉**	**၄၆၉**	**၉၆၈**
စုစုပေါင်း အိမ်ထောင်စု		**၃၁၁**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင် အိမ်ထောင်စု (၃၁၁) စု၊ လူဦးရေ (၉၆၈) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၀.၄၁%)၊ ၅နှစ်အောက် ကလေးအရွယ် (၄.၃၄%)၊ မူလတန်းကျောင်းသားအရွယ် (၇.၇၅%)၊ အလယ်တန်း ကျောင်းသား အရွယ် (၉.၃၀%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၆.၁၄%)၊ သက်ကြီးရွယ်ကြီး အရွယ် (၂.၀၆%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၅.၂၅%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၄၉၉) ဦး၊ မ (၄၆၉) ဦး စုစုပေါင်း (၉၆၈) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၆.၁၄%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦး ရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၀	-	မြင့်☐ လတ် ☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐ လတ် ☐ နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	၁	မြင့် □ လတ် □နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၈၆	၈၆	၁	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	၁	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၃	၃၃	–	မြင့်☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆	၆	၁	မြင့်□လတ်☑နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၄	၂၄	၁	မြင့်□လတ်☑နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၈	၈	၁	မြင့်☐လတ်☐နိမ့်☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၁	၂၃	၁၁	မြင့်☐လတ်☑နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၂	မြင့်☐လတ်☐နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့်☐လတ်☐နိမ့်☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၀၉	၁၀၉	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐ နိမ့် ☐
	စုစုပေါင်း	၃၁၁	၃၁၃	၁၉	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင် ကျပန်းနေ့စာလုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး ပို့ဆောင်ရေး၊ဝန်ထမ်း၊ အရောင်းအဝယ်၊ငါးဖမ်း၊ စိုက်ပျိုးရေး လုပ်ငန်းများလည်းလုပ် ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၆၀၀၀	-	၄၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	၃၀၀၀	-	၂၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနား ရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အား စိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၉၇	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၄	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၀၁	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင် လယ်မြေ (၂၉၇) ဧကနှင့် ဥယျာဉ်ခြံမြေ(၄) ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး ကောင်းမွန်ပါသည်။ လယ်မြေများတွင် စပါးကို အဓိကထားစိုက်ပျိုးပြီး၊ ကွမ်းအနည်းငယ်စိုက်ပျိုးကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့်☐	နည်း ☐	မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့်☑	နည်း ☐	မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်၊ သဲ၊ ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ကျေးရွာအနီးပတ်ဝန်းကျင်များမှအလွယ်တကူဝယ်ယူရရှိအသုံးချနိုင်ပါ သည်။ လက်ပံကုန်း ကျေးရွာတွင် ဆေးဘက်ဝင်အပင်များအနည်းငယ်ရှိပြီး သဘာဝတိရစ္ဆာန် မျိုးစိတ် များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁	၄၀	၂၇၀	၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၁)သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်အရောင်းအဝယ်လုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုသည် စိုက်ပျိုးရေးနှင့်ဝန်ထမ်းအလုပ်ကိုလုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် ကျပန်းလုပ်ငန်း၊ ပို့ဆောင်ရေး ၊ ငါးဖမ်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန် မပြေလည်သော အိမ်ထောင်စုများမရှိပါ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၈-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	–	–
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	–		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	–		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိပါ။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဌက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လက်ပံကုန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေမျိုးမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီ တုပ်ကွေးဖျားနာခြင်း၊ ဌက်ဖျားရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်း ကျေးရွာတွင် မြစ်ကမ်းဘေးနေထိုင်သူ၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ် လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ သဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ် ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြား အိမ်ထောင်စုများ ထက်ပို၍ ထိခိုက် ခံစား လွယ်နိုင်ပါသည်။ ကားမောင်းလုပ်ငန်းနှင့် အသက်မွေးမှု ပြုကြသည့် အိမ်ထောင်စုများသည် ထိခိုက်လွယ်မှု ရှိကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး ☑ ငွေကြေး ☐	ကောင်း ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	သင့် ☑ ညံ့ ☐
၃	အမျိုးသား အမျိုးသမီး	၁☐ ၂☑ ၃☐	၃၀	၂၀	၅၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ပရဟိတ	၁☐ ၂☑ ၃☐	၂၀	၇	၂၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ဂေါပက	၁☐ ၂☐ ၃☑	၉	၄	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လက်ပံကုန်းကျေးရွာ၏ အုပ်ချုပ်မှု၊ စီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့များအားလုံး စုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ အမျိုးသား၊အမျိုးသမီးအဖွဲ့များသည် ကျေးရွာမှဆောင်ရွက်သည့် ကိစ္စများအား လိုက်ပါ ဆောင်ရွက်ပေးကြပါသည်။ ရပ်မိ ရပ်ဖအဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်နှင့် ကလေးများ ပညာသင်ကြား ရာတွင် အခက်အခဲ မရှိ စေရန် အလေးထား ဆောင်ရွက်နေပါသည်။ ပရဟိတအဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင် နေကြ ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Save the Children	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	Pact Myanmar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစ်မ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပ အဖွဲ့အစည်းများမှာ စိုက်ဘဏ်၊ ကျေးလက်ဦးစီးဌာနနှင့် Save the Children၊ Pact Myanmar အဖွဲ့(၄)ဖွဲ့သာရှိပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၈၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	-	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၃၁၁**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု နီးပါးခန့် ရှိနေပြီး အများစုသည် ပို့ဆောင်ရေး၊ နေ့စားကျပန်းနှင့် ဝန်ထမ်း၊ ငါးဖမ်းလုပ်ငန်းစသည်တို့ လုပ်ကိုင် နေကြပါသည်။ ၂.၅ ဧကမှ ၅ ဧက ကြား ပိုင်ဆိုင်သည့် တောင်သူငယ်(၁)စု၊ ၅ ဧကမှ ၁၂.၅ ဧက ကြား ပိုင်ဆိုင်သည့် တောင်သူလတ်ဦးရေ (၁၅) ဦး နှင့်၁၂.၅ ဧကအထက်ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ (၆) ဦး ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၄	ရေသွင်းမြောင်း (ရေတံခါး)	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်း ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ	၂၉၇	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာ၏စိုက်ပျိုးရေးတွင် တူးမြောင်းရေနှင့်မိုးရေကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧက များ သည် နွေရာသီတွင် ရေလုံလောက်မှု နည်းပါးသည်ကို တွေ့ရှိရ ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၉၇	တင်း	၃၀	၄၀	၃၅	ဇွန်	ဒီဇင်ဘာ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
ကွမ်း	၇	ပိသာ	၃၀၀	၃၅၀	၅၀၀	ဖေဖော်ဝါရီ	ဒီဇင်ဘာ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐လတ်☐ နိမ့်☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လက်ပံကုန်းကျေးရွာသည် စပါးနှင့်ကွမ်းကို စိုက်ပျိုးသော ကျေးရွာ ဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၃၅) တင်းခန့် ထွက်ရှိပါသည်။ စပါးအထွက်နှုန်း နည်းရခြင်းမှာ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ အသိပညာများ အားနည်းချက် ရှိနေသောကြောင့် နည်းပညာများ မျှဝေပေးရန် လိုအပ်လျက် ရှိပါသည်။ လယ်ယာမြေများအား ရောင်းစားထားသော ကြောင့် စိုက်ပျိုးသည့်ဧကနည်းပါးရခြင်းဖြစ်ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၂	–	–	–
လက်တွန်းထွန်စက်	၁၈	–	–	–
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	၁	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	၆	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လက်ပံကုန်းကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင် မှုမှာ ကိုယ်ပိုင်နည်းပါးကြပြီး ငှားရမ်းကာ ထွန်ယက်၊ စိုက်ပျိုးကြပါသည်။ ရိတ်သိမ်းခြွေလှေ့စက်ကို ငှား ရမ်း လုပ်ကိုင် သည့် အိမ်ထောင်စု များလည်း ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

